အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁ အမှတ် ၆၀

၁၇ ဇွန် ၂၀၂၄

# ရန်ကုန်တိုင်းစစ်ဌာနအား လူ့အခွင့်အရေးနှင့် စစ်သည်တော်ကျင့်ဝတ်သင်တန်းပေး

**ဇွန် ၅**







အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ရန်ကုန်တိုင်း စစ်ဌာနနှင့် လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနတို့ ပူးပေါင်းကာ လူ့အခွင့်အရေး အခြေခံနှင့် စစ်သည်တော်ကျင့်ဝတ် (Military Code of Conduct) သင်တန်းအား သုံးရက်ကြာ သင်ကြားပို့ချခဲ့သည်။

သင်တန်းသို့ တပ်ရင်း ၅၁၀၁ မှ ရဲဘော်များ၊ အခြေခံစစ်ပညာသင်တန်း တက်ရောက်နေသည့် တပ်သား သစ်များအား မြေပြင်နှင့် အွန်လိုင်း ပေါင်းစပ်ထားသည့် Hybrid ပုံစံဖြင့် သင်ကြားခဲ့ခြင်း ဖြစ်ကာ International Humanitarian Laws/Geneva Convention နှင့် သက်ဆိုင်သည်များကို အခြေခံသဘောတရားများကိုလည်း ထည့်သွင်းသင်ကြား ပို့ချပေးခဲ့သည်။




မိဘပြည်သူများခင်ဗျာ...
မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

  စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။
ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့တိုင်ကြားနိုင်ပါတယ်။

## ဇွန်လ ၁ ရက်နေ့မှ ၁၅ ရက်အတွင်း လူ့အခွင့်အရေးချိုးဖောက် ခံရမှု များကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



# ဇွန်လ ၁ ရက်နေ့မှ ၁၅ ရက်နေ့ထိ အကြမ်းဖက်စစ်အုပ်စု၏ တိုင်းနှင့် ပြည်နယ် အလိုက်လူ့အခွင့်အရေးချိုးဖောက်မှုများ




# တော်လှန်ရေးကာလ တရားဥပဒေစိုးမိုးရေး အားကောင်းဖို့ လိုသလား စကားဝိုင်း ပြုလုပ်

စစ်အာဏာရှင်ဆန့်ကျင်ရေး နွေဦးတော်လှန်ရေးကာလအတွင်း တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသည့် နယ်မြေများ၌ တရားဥပဒေစိုးမိုးနိုင်မှု အပါအဝင် အားကောင်းလာရေး ဆောင်ရွက်သင့်သည့်အချက်များနှင့် ပတ်သက်၍ “တော်လှန်ရေးကာလအတွင်း တရားဥပဒေစိုးမိုးမှု အားကောင်းဖို့ လိုသလား" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

ဦးဆောင်ဆွေးနွေးသူများအဖြစ် ဒေါက်တာတေဇာစန်း (သပိတ်ခေါင်းဆောင်)၊ ကိုချစ်ဝင်းမောင် (မကွေးလူထုတိုက်ပွဲကော်မတီ)၊ ဒေါက်တာစုယဉ်ထွန်း (CDM ပါမောက္ခ၊ ဥပဒေပညာဌာန)၊ ဦးသွင်လင်းအောင် (တက်ကြွလှုပ်ရှားသူ) တို့က ပါဝင်ခဲ့ကာ Moderator အဖြစ် ဥပဒေပေါင်းကူးအဖွဲ့ဝင် မမေ က ဆောင်ရွက်ခဲ့သည်။

# “မြန်မာနိုင်ငံအရေး ထည့်သွင်းစဉ်းစားမှုတွေ၊ ဆွေးနွေးမှုတွေက ဒီနှစ်အတွက် ထူးခြားတဲ့အချက်တွေလို့ ပြောနိုင်ပါတယ်”

“ဒီအစည်းအဝေးက အာရှ-ပစိဖိတ်နဲ့ ပတ်သက်ပြီးတော့ လုံခြုံရေးတွေ ဆွေးနွေးတဲ့ အကြောင်းအရာလို့ သာမန်ထင်မှတ်ကြပေမယ့် တကယ်တမ်း စိတ်ဝင်စားစရာကောင်းတဲ့အချက်တွေ အများကြီး ပါပါတယ်။ မကြာသေးမီ ကာလက တရုတ်နဲ့ အမေရိကန်နိုင်ငံကြားထဲမှာ နယ်မြေဒေသနဲ့ ပတ်သက်တဲ့ ဒီဒေသအတွင်းမှာ တင်းမာမှု၊ စွပ်စွဲ မှုတွေ ရှိခဲ့ကြတာ အားလုံးသိမှာပါ။ အမေရိကန်အနေနဲ့ ဒီ အာရှ-ပစိဖိတ်ဒေသအတွင်းမှာ ပိုမိုပြီးတော့ အာဏာ လွှမ်းမိုးနိုင်ဖို့၊ သူတို့ရဲ့ အာဏာကို ချဲ့ထွင်နိုင်ဖို့အတွက် နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတဲ့ အချက်ကို တရုတ်အစိုးရက စွပ်စွဲပြောဆိုခဲ့ပါတယ်။ ဒီအစည်းအဝေးကာလအတွင်းမှာတော့ အမေရိကန်ရဲ့ ကာ ကွယ်ရေးဝန်ကြီးနဲ့ တရုတ်အစိုးရနဲ့ တွေ့ဆုံပြီးတော့ ခုနကလို စွပ်စွဲချက်တွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာကို ဆွေးနွေးကြတယ်။ တကယ့် ရပ်တည်ချက်တွေ ပြောကြားခဲ့ပါတယ်။ အဲဒီတော့ ဒီရဲ့ ပထမဦးဆုံး စိတ်ဝင်စားစရာ တစ်ခုကတော့ အင်အားကြီးနိုင်ငံနှစ်ခုဖြစ်တဲ့ အမေရိကားနဲ့ တရုတ်နိုင်ငံကြားထဲမှာ တင်းမာမှုတွေ၊ ဒီဒေသနဲ့ ပတ်သက်ပြီးတော့ အယူအဆတွေကို ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးခဲ့တဲ့အချက်က ထူးခြားချက် ဖြစ်ပါတယ်။ ဒါ့အပြင် ဒီကိစ္စအတွင်းမှာ ဒေသတွင်းမှာရှိတဲ့ လုံခြုံရေးတင်မကဘဲနဲ့ ဒီဒေသရဲ့ အကြောင်းအရာ လုံခြုံရေးက တခြားသော ကမ္ဘာ့ရေးရာကိစ္စတွေ၊ ဒါတွေနဲ့ ဆက်စပ်နေတယ်။ အာရှ-ပစိဖိတ်အတွင်းမှာ ရှိတဲ့ လုံခြုံရေးက တစ်ကမ္ဘာလုံး လုံခြုံရေးအတွက် အထူးအရေးကြီးတယ်ဆိုတာကို တက်ရောက်လာတဲ့သူတွေကို ကြည့်ပြီးတော့ ပြောနိုင်ပါတယ်။ အာရှနဲ့ မဟာမိတ်ဖြစ်တဲ့ တရုတ်၊ ဒါမှမဟုတ် အမေရိကားတင် မကဘဲနဲ့ ဥရောပနိုင်ငံတွေက ပါ ဝင်လာတယ်။ ဒါ့အပြင် ဆွေးနွေးမှုက ဒီဒေသအတွင်းတင် မကဘဲနဲ့ ဒေသတွင်းမှာ လက်ရှိဖြစ်နေတဲ့ ထိုင်ဝမ်ကျွန်းကိစ္စ၊ တောင်တရုတ်ပင်လယ် အငြင်းပွားမှုကိစ္စတင် မကဘဲနဲ့ ဂါဇာကိစ္စတွေ၊ ယူကရိန်းကိစ္စတွေ ပါဝင်လာခဲ့တယ်။ ဒါကြောင့်မို့လို့ ဒီဒေသရဲ့ လုံခြုံရေးကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားတယ်။ ဒီဒေသရဲ့ လုံခြုံရေးက တစ်ကမ္ဘာလုံးအတွက် အရေးကြီးတယ်ဆိုတာ ပြောပြနိုင်ပါတယ်။ ဒါတင်မကဘဲနဲ့ ယူကရိန်းသမ္မတကိုယ်တိုင်က လာရောက်ပြီးတော့ စကားပြောကြားတာ၊ ယူကရိန်းနိုင်ငံရေးအတွက် ပတ်သက်ပြီးတော့ ဒီ အာရှ-ပစိဖိတ်လုံခြုံရေးနဲ့ ဒီဒေသမှာ ပါဝင်ကြတဲ့ နိုင်ငံတွေရဲ့ အားပေးထောက်ခံမှုကို ရယူဖို့အတွက် လုပ်ဆောင်တဲ့အချက်က Geo-politic လို့ခေါ်တဲ့ ဒေသတွင်းနိုင်ငံရေးတင် မကဘဲနဲ့ Global Politic အတွက် ဒီကိစ္စတွေ ဆွေးနွေးတဲ့ အကြောင်းအရာ ဖြစ်ပါတယ်။ အဲဒီတော့ ဒေသတွင်းမှာ ထိုင်ဝမ်ကျွန်းကိစ္စ၊ တောင်တရုတ်ပင်လယ်အတွင်း အငြင်းပွားမှုတွေ ပြောကြားပြီးတော့ ဒါက ဒေသတွင်းလုံခြုံရေးတင် မကဘဲနဲ့ နောက်ထပ် မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်ပြီးတော့ ထည့် သွင်းစဉ်းစားမှုတွေ၊ ဆွေးနွေးမှုတွေ ပေါ်ပေါက်လာခြင်းကလည်း ဒီ ရှန်ဂရီလာဆွေးနွေးပွဲက ဒီနှစ်အတွက် ထူးခြားတဲ့အချက်တွေလို့ ပြောနိုင်ပါတယ်”

**ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ – NUG)**

*(မြန်မာ့အရေးဟာ ဘာကြောင့် ဒေသတွင်းနဲ့ နိုင်ငံတကာအရေးဖြစ်လာနေတာလဲ၊ Human Rights Barometer – Episode 41 ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မစ္ဆိမသတင်းဌာနတို့ ပူးပေါင်းကာ ထုတ်လွှင့်နေခြင်း ဖြ`စ်သည်။)*

# ပြည်ထောင်စုဝန်ကြီးနှင့် Asis Pacific Conversations ဆိုင်ရာ တွေ့ဆုံမေးမြန်းခန်း ပြုလုပ်

**ဇွန် ၅**




မြန်မာ့နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည့် အကြောင်းအရာများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေများအပြင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ စစ်အာဏာရှင်ပြုတ်ကျရေး ဆောင်ရွက်ချက်၊ နိုင်ငံတကာ ဆက်ဆံရေး၊ အကြမ်းဖက်စစ်အုပ်စုအပေါ် နိုင်ငံတကာ၏ စီးပွားရေးပိတ်ဆို့မှု အခြေအနေများနှင့် ပတ်သက်၍ NUG လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းနှင့် University of B.C.'s School of Public Policy and Global Affairs (Institute of Asian Research), UBC Myanmar Initiative, and Canada's International Development Research Centre, APF Canada's Vice-President Research and Strategy Vina Nadjibulla တို့ တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့သည်။

တွေ့ဆုံမေးမြန်းခန်းအတွင်း မြန်မာနိုင်ငံရှိ ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ် ပညာရေးအခြေအနေနှင့် ဆက်စပ်သည့် အကြောင်းအရာများကိုလည်း ထည့်သွင်းမေးမြန်းဆွေးနွေးမှုများ ရှိသည်။

# ရိုဟင်ဂျာများအကြောင်း ဒီတစ်ပတ်မှာ ပြောချင်စရာ

လွတ်လပ်သော အာရှအသံ - RFA က အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်နေသည့် "ဒီတစ်ပတ်မှာ ပြောချင်စရာ" Podcast အစီအစဉ်၌ ရိုဟင်ဂျာများနှင့် ပတ်သက်သည့် အကြောင်းအရာအား အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်မိုး က ပါဝင်ဆွေးနွေးထားသည်။ ရိုဟင်ဂျာများ ကြုံတွေ့နေရသည့် ရုပ်ပိုင်းဆိုင်ရာ ဖိနှိပ်ခံရမှုများအပြင် စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်ခံရမှု အခြေ အနေများအား ဒုဝန်ကြီးက ဆွေးနွေးမှုများအတွင်း ထည့်သွင်းပြောဆိုထားသည်။

# "နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေ - IHL ကို သိသိသာသာ ချိုးဖောက်ခြင်း ဖြစ်ပါတယ်"

"ကျန်းမာရေး စောင့်ရှောက်မှု အဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းက နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေ - IHL ကို သိသိသာသာ ချိုးဖောက်ခြင်းဖြစ်ပါတယ်။ ကချင် ပြည်နယ်၊ ရွှေကူ တိုက်နယ်ဆေးရုံကို စစ်ကောင်စီက လေကြောင်းကနေ တိုက်ခိုက်မှုကြောင့် ကလေးငယ် ၁ ဦး သေဆုံးပြီး ၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရပါတယ်။ အရပ်သားပြည်သူတွေအပေါ် ဒီလို ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုကို စဉ်ဆက်မပြတ် ကျူးလွန်လာတဲ့ စစ်ကောင်စီက ပြေးမလွတ်စေရဘူး"

**- ဦးအောင်ကျော်မိုး (ဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ)**

# "ယဉ်ကျေးစွာ ဆွေးနွေးအဖြေရှာတာက ယဉ်ကျေးတဲ့သူရဲ့ စရိုက်လက္ခဏာဖြစ်ပါတယ်"

"အခုတလော FB နှင့် X လူမှုကွန်ယက်ပေါ်မှာ အမုန်းစကားပြောဆိုတာတွေ မှတ်ချက်ပေးကျယ်ကျယ်ပြန့်ပြန့်ပျံ့နှံ့နေတာတွေ့နေရပါတယ်။

ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်း (civilized society) ဆိုတာက လူကိုလူလိုမြင်တတ်၊ ဆက်ဆံတတ်၊ လေးစားတတ်တဲ့ အလေ့အထတွေ ထွန်းကားမှုတွေရှိတဲ့ လူ့အဖွဲ့အစည်းခေါ်ပါတယ်။ ဆဲရေးတိုင်းထွာမှု၊ သိမ်းကြုံးအပြစ်တင်မှု စတာတွေက မယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်း (uncivilized society) တနည်း အရိုင်းအစိုင်းတွေ ရဲ့ အမူအကျင့်နှင့် အပြုအမူတွေဖြစ်ပါတယ်။ မယဉ်ကျေးတဲ့လူ့အဖွဲ့အစည်း (uncivilized society) က ၂၁ ရာစု တိုးတက်ပြောင်းလဲနေတဲ့ ခေတ်မှာ ဝင်ဆံ့ဖို့မလွယ်ကူသလို အရိုင်းအစိုင်းတွေဆိုပြီး သတ်မှတ်ခံရနိုင်ပါတယ်။

ဘယ်သူမကောင်းတာလုပ်လုပ် အဲဒီမကောင်းတာကိုလက်ညှိုးထိုးပြီး ကိုယ်တိုင်မကောင်းတာမလုပ်ဖို့အရေးကြီးတယ်။ သူလိုကိုယ်လိုက်လုပ်ရင် သူနဲ့ တန်ဖိုးချင်းတူသွားမယ်။ သူနဲ့ကိုယ်မခြားနားတော့ဘူး။

အရာရာကို စိတ်လိုက်မာန်ပါ ခံစားချက်တွေနဲ့ မတုန့်ပြန်ဖို့ အကြံပေးပါရစေ။

လူတွေ နဲ့ တိရစ္ဆာန်တွေကြား ခြားနားချက်တွေထဲ အဓိကအချက်က “အကျိုးအကြောင်းဆီလျော်စွာ စဉ်းစားဆင်ခြင်တတ်ခြင်း” ဖြစ်ပါတယ်။

အမြင်မတူတာတွေရှိရင် ယဉ်ကျေးစွာ ဆွေးနွေးအဖြေရှာတာက Democratic Behavior ဖြစ်သလို ယဉ်ကျေးတဲ့သူရဲ့ စရိုက်လက္ခဏာဖြစ်ပါတယ်"

**- ဦးအောင်ကျော်မိုး (ဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ)**

# "အသိုင်းအဝိုင်းအားလုံးက အရပ်သားတွေကို ကာကွယ်ပေးရမယ်"

"ရခိုင်မှာ အရပ်သားတွေအပေါ် ရည်ရွယ်ချက်ရှိရှိနဲ့ စနစ်တကျ အစုလိုက်အပြုံလိုက် ရက်စက်ကြမ်း ကြုတ်မှုတွေအတွက် စစ်တပ်က တာဝန်ယူရမယ်။ အသိုင်းအဝိုင်းအားလုံးက အရပ်သားတွေကို ကာကွယ်ပေးရမယ်"

**- ဦးအောင်ကျော်မိုး (ဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ)**




# သွေးချင်းညီအစ်ကိုများအားလုံးအတွက် စစ်အာဏာရှင်ဖိနှိပ်မှုကို တွန်းလှန်တော်လှန်ခဲ့သော နေ့



“ဂျွန်လ ၄ ရက်နေ့တွင် ကျရောက်သော နှစ် ၆၀ ပြည့် ကယန်း အမျိုးသားလက်နက်ကိုင် တော်လှန်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု အပ်ပါသည်။

၁၉၆၄ ဂျွန်လ ၄ ရက်နေ့တွင် စတင်ခဲ့သော ကယန်း အမျိုးသားထု လက်နက်ကိုင်တော်လှန်ရေးသည် ကယန်း တစ်မျိုးသားလုံးနှင့် အဖိနှိပ်ခံဘဝတူ ပြည်ထောင်စု အတွင်း နေထိုင်သော သွေးချင်းညီအစ်ကိုများအားလုံးအတွက် စစ်အာဏာရှင်ဖိနှိပ်မှုကို တွန်းလှန်တော်လှန်ခဲ့သော နေ့ဖြစ်သည်။ ဆက်လက်ပြီး ကယန်းပြည်သူတစ်ရပ်လုံးနှင့် အဖိနှိပ်ခံဘဝတူ မြန်မာပြည်သူတစ်ရပ်လုံးအတွက် ပြည်သူများ ဘက်မှ မားမားမတ်မတ်ရပ်တည်ပြီး စစ်အာဏာရှင်ပြုတ်ကျ သည်အထိ ရပ်တည်ချက် မှန်မှန်ကန်ကန်ဖြင့် ဆက်လက် တိုက်ပွဲဝင်နိုင် ပါစေလို့ ဆန္ဒပြုရင်း နှစ် ၆၀ ပြည့် ကယန်း အမျိုးသား လက်နက်ကိုင်တော်လှန်ရေးနေ့အား လေးစားစွာဖြင့် ဂုဏ်ပြု အပ်ပါသည်”

**- ခွန်းဗဟန်းထန် (ဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ)**

# “ကလေးနဖူးမှာ ကျည်စထိပြီးတော့ကွဲသွားတယ်”

တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်၊ ရာဖူးရွာသစ်၊ ရာဖူးနှင့် သာယာမွန်ရွာတို့အား အကြမ်းဖက်စစ်အုပ်စု ရေတပ်က ဇွန် ၇ ရက်မှ ၁၂ ရက်အတွင်း လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည့် အတွက် အသက် နှစ်လသားအရွယ် ကလေးငယ်အပါအဝင် မိသားစုဝင် လေးဦးစုလုံး သေဆုံးခဲ့ကာ အခြား အသက်မပြည့် ကလေးငယ်နှစ်ဦးလည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

အဆိုပါကျေးရွာများနှင့် ၂၆ မိုင်ခန့် ဝေးသည့် ရေဖြူမြို့နယ်၊ အုန်းပင်ကျေးရွာအခြေစိုက် မောရဝတီရေတပ်ဌာနချုပ်က ထိုသို့ ပစ်ခတ်ခဲ့ခြင်း ဖြစ်ကာ အမှတ် ၄၀၇၊ ၄၀၈၊ ၄၀၉၊ ၄၁၀၊ ၂၈၂ နှင့် ကံပေါက် အခြေစိုက် ၂၇၃ တပ်ရင်းမှ အင်အား ၂၀၀ ကျော်ဖြင့်လည်း ရွာများအား စီးနင်းကာ နေအိမ်များအား မီးရှို့ ခြင်း၊ မီးရှို့ အလောင်းဖျောက်ခြင်းများကိုလည်း ဆက်တိုက် ကျူးလွန်ခဲ့သည်။

“ရေဖြူမြို့နယ်၊ ရာဖူးရွာသစ်မှာ အရင်ရက်ကတော့ လက်နက် ကြီးနဲ့ပစ်တယ်။ ရွာထဲတော့ မကျဘူးပေါ့။ဒီ (၆)လပိုင်း (၇)ရက် နေ့မှာ လက်နက်ကြီးနဲ့ပစ်တာ မနက်က ရွာထဲကို ပစ်တယ်။ ရွာထဲမှာ လက်ရှိ ဆုံးသွားတဲ့အိမ်ကို တစ်အိမ်လုံး အဲဒီအိမ် ပေါ်ကို ကျတာပါ။ မိသားစု (၄) ယောက်စလုံး ရှိတယ်။ သူ့အမျိုးသားရယ်၊လသားအရွယ်ကလေးငယ်လေး တခါတည်း ဆုံးသွားတာပေါ့။ သူ့အမျိုးသားမှာက ရင်အုံတို့၊ လက်တို့ မရှိ တော့ဘူး။ ခြေထောက်နှစ်ဖက်နဲ့ ခေါင်းနဲ့ ရင်ဘတ်နဲ့ လက် တစ်ဖက်မရှိတော့ဘူး။ ကလေးကကျတော့ နဖူးမှာ လက်နက် ကျည်စ ထိပြီးတော့ ကွဲသွားတယ်။ (၂) လကျော်လေးပေါ့ ကလေးက။ သူ့အမေကလည်း ပေါင်တို့၊ ဗိုက်တို့လည်းထိတယ်။ တော်တော်များများ လက်နက်ကြီးစ မှန်သွားတာပေါ့နော်။ အသက်ရှိတုန်း မွန်ပြည်သစ် PDFအဖွဲ့က ကယ်ထုတ်ပေမယ့် မရှင်ဘူး၊ ဆုံးသွားတယ်။ သူရဲ့ ကလေး (၁၂) နှစ် ကလေးယောက်ျားလေးကလည်း ဒဏ်ရာက ပြင်းတယ်၊ (၈) ရက်နေ့မနက်ပိုင်းမှာ ဆုံးသွားပါတယ်။ အိမ်လည်းမီးလောင် သွားတယ်။ ပစ်ခတ်လိုက်တာက ရေဖြူထဲကပါ အကြီးဆုံးပဲ၊ ရေဖြူမြို့နယ်၊ အုန်းပင်ကွင်းရွာ အခြေစိုက် မောရဝတီရေတပ် ဌာနချုပ်ပါ။ ဆယ်ကျော်သက် (၂) ယောက် လက်ထိတယ်။ မိန်းကလေး (၁) ယောက်၊ ယောက်ျားလေး (၁)ယောက်ကတော့ ခြေထောက်ထိပါတယ်။ မီးရှို့တာက ဖြစ်ပြီး တစ်ရက်ဆိုတော့ (၈)ရက်၊(၉)ရက်ပေါ့၊ (၇)ရက်နေ့ဖြစ်တယ်။ သူတို့ ဒီအတိုင်းထား တာတယ်၊ ဘယ်သူမှ အလောင်းလည်း မကောက်ရဲဘူး။ သူ့အမေနဲ့ ကလေးက ဟိုဘက်မှာမြုပ်သလားမသိဘူး ဆရာမ။ PDFဘက်ကလေ။ ဒီမှာကလေးနဲ့ အဖေ ကျန်ခဲ့တယ်။ သူတို့ (၈) ရက်နေ့ကျတော့ မီးရှို့လိုက်တယ်။ ရှို့တာ မီးမလောင်ဘူး၊ မိုးကလည်း တအားရွာတာ။ အိမ်ကိုပါ တခါတည်းရှို့တာ၊ အကြမ်းဖက်စစ်အုပ်စုက တာဝန်ယူထားတဲ့ (၇)ယောက်က ရှို့တာ”

**- Ac Ac (ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ဝင် - ရေဖြူမြို့နယ်)**

*တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်ရှိ ရာဖူးရွာသစ်၊ ရာဖူးနှင့် သာယာမွန်ရွာသုံးရွာအား အကြမ်းဖက်စစ်အုပ်စုက ဇွန် ၇ ရက်မှ ၁၂ ရက်အတွင်း လက်နက်ကြီးဖြင့် ပစ်ခတ်ကာ အင်အား အများအပြားဖြင့် စီးနင်းဖျက်စီး၊ မီးရှို့ အလောင်းဖျောက်မှုများ ကျူးလွန်ခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက်၍ ရေဖြူမြို့နယ်၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ) အဖွဲ့ဝင် Ac Ac အား ဆက်သွယ်မေးမြန်းခြင်း*

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၅,၂၈၀ (၂,၀၀၀)

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာလုမှုဖြစ်စဉ်အား ဆန့်ကျင်မှုကြောင့် ဖြစ်တည်လာသည့် နွေဦးတော်လှန်ရေးကာလအတွင်း ၂၀၂၄ ခုနှစ် ဧပြီ ၂၉ ရက်အထိ ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၅,၁၆၁ ဦး သေဆုံးခဲ့သည်။ အတည်ပြုရန် လိုအပ်ကာ အမည်စုံစမ်းဆဲ သတ်ဖြတ်ခံရသူ ၂,၀၀၀ ဦး ဝန်းကျင်လည်း ရှိသည်။

## ၂၆,၈၆၅

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းသည့်အချိန်မှ ၂၀၂၄ ခုနှစ် ဇွန် ၁၄ ရက်အထိ နိုင်ငံရေး တက်ကြွလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၂၆,၈၆၅ ဦးအား ထိန်းသိမ်းခဲ့ပြီး ၂၀,၅၉၇ ဦးမှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ ယင်းအနက် ၉,၂၀၂ ဦးကို စစ်ကောင်စီလက်အောက်ခံ တရားရုံးများက မတရားပုဒ်မမျိုးစုံဖြင့် ထောင်ဒဏ် ချမှတ်ထားသည်။

## ၁၆၇ - ၄၃

စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့် နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက သေဒဏ်ပေးသူပေါင်း ၁၆၇ ဦးအထိ ရှိသည်။ နွေဦးတော်လှန်ရေး လှုပ်ရှားမှုတွင် ပါဝင်မှုဖြင့် မျက်ကွယ်သေဒဏ် ချမှတ်ခံရသူများတွင် မျက်ကွယ်သေဒဏ်ချမှတ်ခံရသူ ၄၃ ဦး ပါဝင်ကာ ၁၂၄ ဦးမှာ နိုင်ငံတစ်ဝန်းအကျဉ်းထောင်များ၌ ဆက်လက်ထိန်းသိမ်းခံထားရဆဲဖြစ်သည်။

## ၁ဇွန် - (၂၀ + ၂၈)

အကြမ်းဖက်စစ်အုပ်စုက နိုင်ငံတစ်ဝန်း လူသတ်၊ အကြမ်းဖက်မှုများအား ဆက်တိုက်ကျူးလွန်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇွန် ၁ ရက်မှ ၁၄ ရက်အတွင်း အမျိုးသမီး ၂၀ ဦးနှင့် အမျိုးသား ၂၈ ဦး၊ စုစုပေါင်း ၄၈ ဦး သေဆုံးခဲ့သည်။ သေဆုံးသူများအနက် အသက် ၁၈ နှစ်အောက် ကလေးငယ်ခုနစ်ဦးနှင့် ၆၀ နှစ်နှင့်အထက် ၁၀ ဦးအထိ ပါဝင်သည်။ သေဆုံးရသူ အများစုမှာ ရခိုင်ပြည်နယ်မှ ဖြစ်ကာ ၂၂ ဦးအထိ ရှိပြီး မန္တလေးတိုင်းမှာ ၁၀ ဦးဖြင့် ဒုတိယအများဆုံး ဖြစ်သည်။

## လေကြောင်း + လက်နက်ကြီး

အကြမ်းဖက်စစ်အုပ်စုက နိုင်ငံတစ်ဝန်း လူသတ်၊ အကြမ်းဖက်မှုများအား ဆက်တိုက်ကျူးလွန်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇွန် ၁ ရက်မှ ၁၄ ရက်အတွင်း နိုင်ငံတစ်ဝန်း လေကြောင်းသုံး တိုက်ခိုက်မှုကြောင့် ပြည်သူ ၂၀ ဦးအထိ သေဆုံးခဲ့ကာ လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုကြောင့် ၁၈ ဦးအထိ သေဆုံးခဲ့ရသည်။

